Network for Democracy and Development
Documentation and Research Department

P.O Box 125, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၈၄)

## "စစ်အာဏာရှင်ဖွဲ့စည်းပုံအောက်က ရွေးကောက်ပွဲကို မျှော်လင့်စောင့်စားနေစရာ အကြောင်းမရှိ"

လက်ရှိရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၇ခုနှစ်မှာ အပြီးသတ်ဖွယ်ရှိတယ်လို့ အင်ဒိုနီးရှားနိုင်ငံမှာရောက်ရှိနေတဲ့ နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ပြောဆိုခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟတ်ဆန် ဝီရယုဒ **(Hassan Wirajuda)** က နအဖစစ်အစိုးရကိုယ်စား ဖေဖော်ဝါရီလ(၁၅)ရက်နေ့မှာ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ နအဖရဲ့ အခြေခံဥပဒေမှာ စစ်ဘက်နဲ့ အရပ်ဘက်အကြား အာဏာခွဲဝေအသုံးပြုမဲ့သဘော ပါဝင်တဲ့အပြင် တိုင်းရင်းသားဒေသတွေကို အာဏာတချို့ခွဲဝေပေးထားပြီး ပြည်နယ်ဥပဒေပြုလွှတ်တော်တွေ ဖွဲ့စည်းခွင့်လည်း ပေးထားကြောင်း၊ ဒါပေမဲ့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူမရဲ့ပါတီကို အနာဂါတ်မှာ အာဏာခွဲဝေပေးမပေး ဆိုတာကတော့ အခုအချိန်အထိ မသဲကွဲသေးဘူးလို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ရှင်းပြခဲ့ပါတယ်။

နအဖရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အပြီးမသတ်သေး၊ လူထုကလည်း အတည်မပြုရသေးခင် နအဖ အလိုတော်ရိတွေ၊ အလံရှူးတွေနဲ့ ရွေးကောက်ပွဲဝင်ချင်နေသူတွေက လာမဲ့ရွေးကောက်ပွဲသစ်မှာ ပါဝင်ယှဉ်ပြိုင်ကြဖို့ လေသံပစ်၊ လှုပ်ရှားမှုတွေကို အစီအစဉ်ရှိရှိ လုပ်ကိုင်လာနေတာကို တွေ့ရှိရပါတယ်။ နအဖရဲ့ ညောင်နှစ်ပင်ညီလာခံကို တက်ရောက်နေတဲ့ မဆလတဖြစ်လဲ တစည်းပါတီကတော့ လာမဲ့ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အသင့်ဖြစ်နေပြီလို့ အဲဒီပါတီရဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဟောင်း ခင်မောင်ကြီး က ဖေဖော်ဝါရီလ(၉)ရက်နေ့က **RFA** ကို ပြောဆိုခဲ့ပါတယ်။ နအဖနဲ့ နအဖလိုလားသူတွေ၊ အလံရှူးတွေကလည်း ရွေးကောက်ပွဲမှာ နိုင်ငံရေးသမားအားလုံး ပါဝင်ယှဉ်ပြိုင်ကြဖို့ ပြည်တွင်းပြည်ပမှာ စည်းရုံးလှုံ့ဆော်တာတွေကို အချိန်ကိုက်ပြုလုပ်လာနေတာ တွေ့ရပါတယ်။ ကြံ့ဖွံ့အသင်း အတွင်းရေးမှူးအဖွဲ့ဝင်နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နအဖဗိုလ်ချုပ်တွေကလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ချောချောမောမော အတည်ပြုနိုင်ဖို့နဲ့ လာမဲ့ရွေးကောက်ပွဲသစ်မှာ သူတို့လိုလားသူတွေ သေချာပေါက်အနိုင်ရရှိဖို့အလားအလာကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့အတွက် တပြည်လုံးမှာရှိတဲ့ မဲပေးနိုင်ခွင့်ရှိသူစာရင်းတွေကို အသေးစိတ် လေ့လာနေကြတဲ့အပြင် အောက်ခြေအဆင့်တွေအထိ ဆင်းပြီး စည်းရုံးလှုပ်ရှားမှုတွေကို အရှိန်မြှင့်ပြုလုပ်လာနေတာ တွေ့ရှိရပါတယ်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလ(၉)ရက်နေ့ကစပြီး (၁၄)နှစ်တာကာလအတွင်း (၁၀)ကြိမ်တိုင်တိုင် လုပ်လိုက်နားလိုက်နဲ့ ဒရွတ်ဆွဲကျင်းပလာခဲ့တဲ့ နအဖရဲ့ အတုအယောင်အမျိုးသားညီလာခံကြီးဟာ နအဖဗိုလ်ချုပ်တွေက အပြီးသတ်ဖို့အချက်ပြရင် အချိန်မရွေး ပြီးနိုင်တဲ့အနေအထားကို ရောက်ရှိနေပြီလို့ ဆိုနိုင်ပါတယ်။ အမျိုးသားညီလာခံမှာဆွေးနွေးဖို့ အခန်းလိုက်ခေါင်းစဉ်(၁၅)ခု သတ်မှတ်ထားတဲ့အနက် (၉)ကြိမ်မြောက်ညီလာခံအထိ ခေါင်းစဉ်(၈)ခုအတွက် အသေးစိတ်အခြေခံရမဲ့မူတွေကို ချမှတ်နိုင်ခဲ့ပြီဖြစ်လို့ ညီလာခံရဲ့လုပ်ငန်းစုစုပေါင်း (၇၅)ရာခိုင်နှုန်းလောက် အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပြီလို့ ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၆ ဇူလိုင်(၂၉)ရက်နေ့မှာပြုလုပ်ခဲ့တဲ့ ညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး (၅/၂၀၀၆)မှာ ထုတ်ဖော်ပြောဆိုခဲ့ဘူးပါတယ်။

၂၀၀၆ အောက်တိုဘာ(၁၀)ရက်နေ့ကနေ ဒီဇင်ဘာ(၂၉)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၀)ကြိမ်မြောက် ညီလာခံအတွင်းမှာတော့ ကျန်ရှိနေသေးတဲ့ အခန်း(၇)ခုအတွက် ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဌ ဦးအောင်တိုးရဲ့ လေ့လာတွေ့ရှိချက်ဆိုတာတွေကို ချပြခဲ့ပြီး သူ့ရဲ့တွေ့ရှိချက်ဆိုတာတွေထဲက ဘယ်အချက်ကို အသေးစိတ်အခြေခံမူအဖြစ် ထည့်သွင်း

တယ်၊ မထည့်သင့်ဘူးဆိုတာတွေကို အစုအဖွဲ့လိုက် ဆွေးနွေးတာတွေ၊ စုံညီအစည်းအဝေးမှာ ဆွေးနွေးတာတွေ လုပ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်အတွင်းမှာ မကြာခင် ပြန်လည်ပြုလုပ်မဲ့ (၁၁)ကြိမ်မြောက်ညီလာခံမှာ နောက်ထပ်ဆွေးနွေးဖို့ ခေါင်းစဉ်သစ်တွေမရှိတော့ပဲ အခုဆွေးနွေးထားတွေကို အတည်ပြုပေးဖို့သာ ကျန်ပါတော့တယ်။

တကယ်တော့ မြန်မာစစ်အာဏာရှင်တွေဟာ ၁၉၉၀ အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ **NLD** ကို အာဏာလွှဲမပေးချင်တဲ့အတွက် ကြေညာချက်အမှတ် ၁/၉၀ ကို ထုတ်ပြန်ခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အရင်ရေးဆွဲရမယ်လို့ အကျပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စစ်အာဏာရှင်စနစ်နဲ့ ဆက်လက်အုပ်ချုပ်သွားဖို့ ဆုံးဖြတ်ထားတဲ့ စစ်ဗိုလ်ချုပ် တစ်စုဟာ သူတို့ရဲ့ စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်စေဖို့အတွက် အတုအယောင်အမျိုးသားညီလာခံတစ်ရပ်ကို အကောင်အထည် ဖေါ်ခဲ့ပါတယ်။ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေး" ဆိုတဲ့ အချက်ကိုလည်း ညီလာခံဦးတည်ချက်ထဲမှာ အတိအလင်း ထည့်သွင်းသတ်မှတ်ပေးခဲ့တဲ့အပြင် တင်းကျပ်ပြီး တဖက်သတ်ဆန်လှတဲ့ ညီလာခံလုပ်နည်းလုပ်ထုံးတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း ချမှတ်ပေးခဲ့ပါတယ်။ ညီလာခံကိုယ်စားလှယ် အများစုကိုလည်း သူတို့စိတ်ကြိုက် ရွေးချယ်ပေးခဲ့ပါတယ်။

မြန်မာစစ်အာဏာရှင်တွေအနေနဲ့ အချိန်ကာလတွေ ဘယ်လောက်ကြာကြာ၊ တိုင်းပြည်ဘာဖြစ်ဖြစ်၊ သူတို့လိုချင်တာ၊ ဖြစ်ချင်တာကို မရ ရအောင်လုပ်မယ်ဆိုတဲ့ သဘောထားကို အောက်မှာဖေါ်ပြထားတဲ့ (၁၄)နှစ်ကြာ အံ့ဘွယ် ညီလာခံကြီးရဲ့ ဖြစ်စဉ်တွေကို လေ့လာကြည့်ရင် သိနိုင်ပါလိမ့်မယ်။

၁၉၉၃ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့မှ (၁၁)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ်ညီလာခံမှာ သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ ညီလာခံဦးတည်ချက်(၆)ရပ်၊ ညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံမူတွေချမှတ်နိုင်ဖို့အတွက် ဆွေးနွေးသင့်တဲ့ခေါင်းစဉ်တွေနဲ့ နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သဘောသဘာဝတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

၁၉၉၃ခုနှစ် ဖေဖေါ်ဝါရီလ(၁)ရက်နေ့မှ ဧပြီလ(၈)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ်ညီလာခံမှာ အခြေခံဥပဒေမှာပါဝင်မဲ့ အခန်းအလိုက်ခေါင်းစဉ်တွေကို ဆွေးနွေးခဲ့ပြီး ခေါင်းစဉ်(၁၅)ခုနဲ့ ရှေ့နောက်အစီအစဉ်တွေကို သတ်မှတ်ပေးခဲ့ပါတယ်။

၁၉၉၃ခုနှစ် ဇွန်လ(၇)ရက်နေ့ကနေ စက်တင်ဘာလ(၁၆)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ တတိယအကြိမ် ညီလာခံမှာ "နိုင်ငံတော်အခြေခံမူများ" အခန်းအတွက် အခြေခံရမဲ့မူတွေကို ဆွေးနွေးခဲ့ကြပါတယ်။ အခြေခံမူတွေကို ဆွေးနွေးရာမှာ နအဖက လက်ရှိကိုင်စွဲနေတဲ့ အခြေခံမူ(၁၀၄)ချက်ဟာ ညီလာခံစုံညီအစည်းအဝေးက အတည်ပြု သတ်မှတ်ပေးခဲ့တာမဟုတ်ပဲ ၁၉၉၄ခုနှစ် ဇန်နဝါရီလ(၁၅)ရက်နေ့ကနေ ဇန်နဝါရီလ (၂၉)ရက်နေ့အထိ တပြည်လုံးရှိ တိုင်း၊ ပြည်နယ်နဲ့ ခရိုင်(၂၆)ခုက ဘောလုံးကွင်းတွေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ကြံ့ဖွံ့အစည်းအဝေးကြီးတွေမှာ အဆိုတင်ပြီး အသံနဲ့အတည်ပြုပေးခဲ့တဲ့ "ဘောလုံးကွင်း အခြေခံမူ" တွေသာဖြစ်တယ်လို့ ညီလာခံကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင် က ပြောဆိုခဲ့ဘူးပါတယ်။

၁၉၉၄ခုနှစ် ဇန်နဝါရီလ (၁၈)ရက်နေ့မှ ဧပြီလ(၉)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် ညီလာခံမှာ "နိုင်ငံတော်"၊ "နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ"၊ "နိုင်ငံတော်အကြီးအကဲ"၊ စတဲ့အခန်းတွေအတွက် အခြေခံရမဲ့ အသေးစိတ်အခြေခံမူတွေကို ဆွေးနွေးခဲ့ကြပါတယ်။

၁၉၉၄ စက်တင်ဘာ(၂)ရက်နေ့မှ ၁၉၉၅ ဧပြီလ(၇)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ ပဉ္စမအကြိမ်ညီလာခံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ရေးနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခန်းတွေအတွက် အသေးစိတ် အခြေခံရမဲ့ အခြေခံမူတွေကို ဆွေးနွေးခဲ့ကြပါတယ်။

၁၉၉၅ နိုဝင်ဘာလ(၂၈)ရက်နေ့ကနေ ၁၉၉၆ မတ်လ(၃၁)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ ဆဌမအကြိမ် ညီလာခံမှာ **NLD** က တင်ပြထားတဲ့ ညီလာခံတွင်းအခြေအနေတွေကို ညီလာခံကျင်းပရေးကော်မရှင်က အကြောင်းမပြန်ခဲ့တဲ့အတွက် **NLD** ပါတီဝင် ညီလာခံကိုယ်စားလှယ် (၈၆)ဦးဟာ ညီလာခံခန်းမအတွင်းကို မဝင်ရောက်ပဲ နေခဲ့ကြပါတယ်။ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက အဖွဲ့ချုပ်ကိုယ်စားလှယ်အားလုံးကို ညီလာခံကိုယ်စားလှယ်အဖြစ်က ထုတ်ပယ်ပစ်ခဲ့ပါတယ်။ နဝတဗိုလ်ချုပ်ကြီးတွေရဲ့ ညွှန်ကြားချက်အရ "ဥပဒေပြုရေး"၊ "အုပ်ချုပ်ရေး" နဲ့ "တရား စီရင်ရေး" အခန်းတွေကို အဖွဲ့ချုပ်ကိုယ်စားလှယ်တွေမပါပဲ ညီလာခံအတွင်းမှာ ဆက်လက်ဆွေးနွေးခဲ့ကြပါတယ်။

နဝတ စစ်အာဏာရှင်တွေရဲ့ တဖက်သတ်ဆန်တဲ့ ဦးတည်ချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကြောင့် အဖွဲ့ချုပ်သာမက တခြားအစုအဖွဲ့တွေက ကိုယ်စားလှယ်တွေကပါ ကန့်ကွက်ဆွေးနွေးလာကြတဲ့အတွက် နဝတရဲ့ ဖွဲ့စည်းပုံရေးဆွဲရေး အတုအယောင် ညီလာခံကြီးဟာ (၈)နှစ်ကျော်ကြာအောင် ရပ်ဆိုင်းသွားခဲ့ရပါတယ်။ ညီလာခံရပ်နားထား

စဉ်ကာလအတွင်း နဝတအတွင်းမှာလည်း အာဏာလုပွဲတွေဖြစ်ပွားခဲ့ပြီး ၁၉၉၇ခုနှစ် ဒီဇင်ဘာ(၆)ရက်နေ့မှာ ညီလာခံကျင်းပရေးကော်မရှင်ရဲ့ ဥက္ကဌနဲ့ ဒုဥက္ကဌတွေကို ပြောင်းလဲခန့်အပ်ခဲ့ရပါတယ်။

နအဖစစ်အာဏာရှင်တွေဟာ ၂၀၀၃ခုနှစ် ဩဂုတ်လ(၂၅)ရက်နေ့မှာ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပြီး ဩဂုတ်လ(၃၀)ရက်နေ့မှာ အဆင့်(၇)ဆင့်ပါ နအဖရဲ့ မူဝါဒလမ်းစဉ် **(Road Map)** ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ နအဖရဲ့ ဒီ **(Road Map)** ကိုလည်း ဖွဲ့စည်းပုံအခြေခံမူ (၁၀၄)ချက်ကို အတည်ပြုပေးခဲ့သလိုမျိုး ၂၀၀၃ စက်တဘ်ာနဲ့ အောက်တိုဘာလအတွင်း တပြည်လုံးမှာကျင်းပပြုလုပ်ခဲ့တဲ့ ကြံ့ဖွံ့အင်အားပြပွဲတွေနဲ့ အောက်တိုဘာ(၂၁) ပုဂံ ကြံ့ဖွံ့စုဝေးပွဲကြီးကနေ ထောက်ခံအတည်ပြုပေးလိုက်တာ ဖြစ်ပါတယ်။

နအဖ **(Road Map)** ရဲ့ ပထမဆင့်အဖြစ် (၈)နှစ်ကျော်ကြာ ရပ်ဆိုင်းထားခဲ့ရတဲ့ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ(၁၇)ရက်နေ့မှာ ပြန်လည်ကျင်းပပေးခဲ့ပါတယ်။ မေ(၁၇)ကနေ ဇူလိုင်(၉)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ သတ္တမအကြိမ်မြောက် ညီလာခံမှာ ညီလာခံလုပ်ထုံးလုပ်နည်းတွေနဲ့ ချမှတ်အတည်ပြုပြီးသားဆိုတဲ့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမဲ့မူတွေကို ပြန်လည်ရှင်းပြခဲ့ပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမဲ့မူတွေကို ဆွေးနွေးခဲ့ကြပါတယ်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ(၁၇)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ အဌမအကြိမ် ညီလာခံမှာတော့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံမူတွေကို ချမှတ်ခဲ့ပြီး အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အခန်းကဏ္ဍအတွက် ဆက်လက်ဆွေးနွေးခဲ့ကြပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာ(၅)ရက်နေ့ကနေ ၂၀၀၆ခုနှစ် ဇန်နဝါရီလ(၃၁)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ နဝမအကြိမ် ညီလာခံမှာတော့ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွေအတွက် အသေစိတ်အခြေခံရမဲ့ အခြေခံမူတွေကို ချမှတ်ခဲ့ပြီး ဥပဒေပြုရေးအခန်းမှာ ပါဝင်ရမဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းတွေအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံမူတွေနဲ့ နိုင်ငံသား၊ နိုင်ငံသားတွေရဲ့မူလအခွင့်အရေးနဲ့ တာဝန်များဆိုင်ရာအခန်း၊ တပ်မတော်အခန်းတွေအတွက် ချမှတ်ရမဲ့ အသေးစိတ်အခြေခံမူတွေကို ဆွေးနွေးခဲ့ကြပါတယ်။

၂၀၀၆ အောက်တိုဘာ(၁၀)ရက်နေ့မှ ဒီဇင်ဘာ(၂၉)ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့တဲ့ ဒသမအကြိမ် ညီလာခံမှာတော့ "ရွေးကောက်တင်မြောက်ခြင်း"၊ "နိုင်ငံရေးပါတီများ"၊ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ"၊ "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း"၊ "နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့မြို့တော်"၊ "ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ" နဲ့ "အထွေထွေပြဋ္ဌာန်းချက်များ" စတဲ့ ကျန်ရှိတဲ့ နောက်ဆုံးအခန်းကဏ္ဍ (၇)ခုအတွက် ဆွေးနွေးခဲ့ကြပြီးဖြစ်လို့ ဒီနှစ်အတွင်း မကြာခင် ပြန်လည်ကျင်းပမဲ့ ဧကဒသမအကြိမ် ညီလာခံမှာတော့ ဒီအခန်းတွေအားလုံးအတွက် အသေးစိတ်အခြေခံရမဲ့မူတွေကို အတည်ပြုပေးရုံသာ ကျန်ရှိတော့မှာ ဖြစ်တယ်။

ဒါကြောင့် ဒီတကြိမ် ပြန်လည်ကျင်းပမဲ့ညီလာခံကို တက်ရောက်ခဲ့သူအားလုံး၊ အစုအဖွဲ့အားလုံးဟာ စစ်အာဏာရှင်စနစ်ကို တရားဝင်အောင်၊ သက်ဆိုးရှည်အောင် ပြုလုပ်ပေးခဲ့သူတွေ၊ ဒီမိုကရေစီစနစ်ရဲ့ ရန်သူတွေ၊ ဖက်ဒရယ်ပြည်ထောင်စုရဲ့ ရန်သူတွေအဖြစ်နဲ့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ မှတ်တမ်းတင်ခံကြရတော့မှာ သေချာပါတယ်။ သမိုင်းတရားခံ မဖြစ်ချင်သူတွေအနေနဲ့ မကြာခင်ပြန်လည်ကျင်းပမဲ့ နအဖရဲ့ အတုအယောင်ညီလာခံကို သွားမတက်ကြပဲ သပိတ်မှောက်ကြဖို့ ဆုံးဖြတ်ရမဲ့ နောက်ဆုံးအချိန်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် ပြည်သူလူထုတရပ်လုံးအတွက် ရသင့်ရထိုက်တဲ့ အခြေခံလူ့အခွင့်အရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီအခွင့်အရေးတွေအတွက် ပြည့်ဝတဲ့အာမခံချက်တွေ ပါရှိမှာမဟုတ်တဲ့အတွက် ဒီအခြေခံဥပဒေအရ ပြုလုပ်ပေးမဲ့ရွေးကောက်ပွဲတွေကိုလည်း စောင့်မျှော်မနေသင့်ပါဘူး။ စစ်အာဏာရှင်အလိုကျ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုက အံ့ကြွဆန့်ကျင်မှုမလုပ်အောင် ရွေးကောက်ပွဲလမ်းကြောင်းနဲ့စည်းရုံးပြီး လမ်းလွှဲဖို့ ကြိုးစားတာတွေကိုလည်း သတိရှိကြဖို့ သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Sunday, February 25, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***